မြန်မာခရစ်ယာန်မိသဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 15/Issue 10/October / 2022

## ဘုရားသခင်နှင့်မွေ့လျော်ခြင်း

♦

ယုံကြည်ခြင်းတွင်
ပါဝင်သီလ
ကာမချုပ်တည်း
ပညာရှိလျက်
ဘုရားဘက်တွင်
တွဲဖက်မွေ့လျော်
ညီအစ်ကိုဒ္ဓ
စုံမက်ချစ်ခြင်း
မေတ္တာစွဲယှက်
အလွန်ကြိုးစား
အားထုတ်သင့်၍
ထပ်ဆင့်ကြလော့။

♦♦

ပါရမီတွင်
သင်တို့ထဲဝယ်
ကြွယ်ဝလျှင်မူ
ဘုရားရှင်ကို
သိကျွမ်းခြင်း၌
ပျင်းရိမနေ
အကျိုးထဲတွင်
ပြုပြင်တတ်၏။
ယင်းပါရမီ
ကင်းသူများမှာ
မျက်စိကွယ်ကာ
ဘဝဟောင်းရှိ
အပြစ်များကို
မစဉ်းစားတယ်
မေ့လွယ်တတ်၏။

♦♦♦

ယုံကြည်သူတို့
ရွေးချယ်မှုပြီ
တည်မြဲရန်ဝယ်
ကြိုးစားရာတွင်
ဤသို့ပြုလျှင်
ရွှေ့လျော့ခြင်းဖြင့်
အစဉ်ကင်းလွတ်
ကယ်တင်အရှင်
သခင်ယေရှု
ကောင်းကင်နိုင်ငံ
ဝင်စားအခွင့်
သင်တို့များဝယ်
ကြွယ်ဝချမ်းသာ
ကောင်းကြီးပေးပြီ။ ။

# B.C.F. 2022, October Events

October 2022

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| 25 | 26 | 27 | 28 | 29 | 30 | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | 31 | 1 | 2 | 3 | 4 | 5 |

*10/02/2022*
*… Holy Communion Sunday…*

*10/9/2022*
*… Regular Sunday Service …*

*10/16/2022*
*… Regular Sunday Service …*

*10/23/2022*
*… Regular Sunday Service …*

*10/30/2022*
*… Regular Sunday Service …*

+++++++++++++++++++++++++++++++++++

*Sunday Service … 2:00 PM*
*Bible Study … 1:00 PM*
*Children Sunday School … 2:15 PM*
*at 1337 Farmstead Ave. La Puente, CA 91745.*

# ဆုတောင်းနေသောလက်များ

# Praying Hands

≺ယောဟန်≻



၁၅ ရာစုအစောပိုင်း၌ ရေးဆွဲခဲ့သော Albrecht Dürer ၏ လက်နှစ်ဖက် လက်အုပ်ချီ၍ ဆုတောင်းနေသောလက်များ **'Paying Hands'** မှင်နှင့်ခဲဆွဲ ပန်းချီကားချပ်သည် ယနေ့ထိတိုင် ထင်ပေါ်ကျော်ကြား လူသုံးများကြသည်။ ထိုအနုပညာလက်ရာ၏ နောက်ကွယ်တွင် မမြင်နိုင်စွမ်း သောနက်နဲသည့် မိသားစုတစ်စု၏ချစ်ခြင်းမေတ္တာ၊ အနစ်နာခံမှုနှင့် ရိုသေလေးစားမှု စသည်တို့၏ ကြည်နူးစရာမှ ကြေကွဲဝမ်းနည်းဖွယ်ရာ ဇာတ်လမ်းလေး ရှိနေခဲ့သည်။

ထိုစိတ်ဝင်စားဖွယ်ရာ အကြောင်းအရာလေးကို တင်ပြရသော်၊–

၁၅ ရာစုနှစ်တွင်၊ ဂျာမနီနိုင်ငံ Nuremberg မြို့အနီးရှိရွာလေးတစ်ရွာတွင် ကလေး(၁၈) ယောက်ရှိသော မိသားစုတစ်စု နေထိုင်ခဲ့သည်။ အိမ်ထောင်မိသားစုအားလုံး၏ စား၊ ဝတ်၊ နေရေး၊ အတွက် အိမ်ထောင်ဦးစီး ဖခင် ဖြစ်သူ Albrecht Dürer သည် အသက်ကြီးပြီ ဖြစ်သော်လည်း အသက်မွေးဝမ်းကျောင်းအတွက် ရွှေပန်းထိမ်လုပ်သူဖြစ်ပြီး၊ အရောင်းအဝယ်နှင့် အနီးအနားတွင် ဝင်ငွေရနိုင်သောအခြားအလုပ် အပါအဝင် တစ်ရက်လျှင် (၁၈) နာရီ နီးပါး အလုပ်လုပ်ရသည်။

ထိုသို့ မိသားစုအခက်အခဲများကြားမှ Dürer ၏သားယောက်ျား (၂)ယောက်ဖြစ်သော Albrecht the Younger နှင့် Albert တို့တွင် တူညီသောရည်မှန်းချက် စိတ်ကူးတစ်ခု ရှိခဲ့သည်။ သူတို့(၂) ဦးမှာ သူတို့၏ပင်ကိုယ် အနုပညာစွမ်းရည်တွေကို မြှင့်တင်နိုင်ရန် လေ့လာသင်ကြားလို ချင်ကြပေမယ့် သူတို့ဖခင်၏ ဝင်ငွေဖြင့် သူတို့နှစ်ဦးလုံးကို Nuremberg တွင် ပညာသင်ကြားပေး ရန် ဘယ်လိုနည်းနဲ့မှ မဖြစ်ဘူးဆိုတာ သူတို့သိနေကြသည်။

တနေ့သောည အိပ်ယာထဲတွင်၊ သူတို့(၂)ယောက် အချိန်အတော်ကြာ ဆွေးနွေးကြပြီး၊ နောက်ဆုံးတွင် သဘောတူညီချက်တစ်ခုကို အကောင်အထည် ဖေါ်ခဲ့သည်။ ဒင်္ဂါးပြားတစ်ပြားကို အပေါ်သို့ လွှင့်တင်၍ ခေါင်းပန်းလှန်မည်။ ရှုံးသူက အနီးနားရှိ ကျောက်မိုင်းတွင်းများတွင် အလုပ် သွားလုပ်ပြီး၊ သူ၏ဝင်ငွေဖြင့် ကျောင်းတက်မည့်သူကို ငွေကြေး ထောက်ပံ့ ပေးမည်။ ထို့နောက်မှ လေးနှစ်ကြာသောအခါ ထိုညီအစ်ကိုက ဘွဲ့ရသွားမည်။ ထိုအခါ၊ သူ၏အနုပညာလက်ရာများကို ရောင်းချခြင်း သို့တည်းမဟုတ် လိုအပ်ပါက ကျောက်မိုင်းတွင်း၌ အလုပ်လုပ်ကိုင်ခြင်းဖြင့် အခြား ညီအစ်ကိုကို ပညာသင်ကြားနိုင်ရန် ငွေကြေးထောက်ပံ့ပေးမည် ဖြစ်သည်။

တနင်္ဂနွေနေ့ နံနက်ခင်းတစ်ခု ဘုရားကျောင်းအပြီးမှာ သူတို့(၂)ယောက် အကြွေစေ့တစ် စေ့ကိုလွှင့်မြှောက်၍ ခေါင်းပန်းလှန်ကြသည်။ ထိုအခါ Albrecht the Younger သည် အနိုင်ရပြီး Nuremberg သို့သွားခဲ့သည်။ အစ်ကိုဖြစ်သူ Albert က အန္တရာယ်များသော ကျောက်မိုင်းတွင်း မှာအလုပ်သွားလုပ်ပြီး၊ (၄)နှစ် ကြာအောင် သူ၏ညီ Albrecht ကို ငွေကြေး ထောက်ပံ့ပေးသည်။

ဘုရားပေးတဲ့ ပင်ကိုယ်အနုပညာ အစွမ်းအစရှိသူ Albrecht ၏ ထုထွင်းမှုရုပ်လုံးများနှင့် သူ၏ပန်းပုရုပ်များ၊ ဆီဆေး၊ ရေဆေး နှင့် ခဲဆွဲ ပန်းချီပုံများသည် သူ၏ကျောင်းမှ ပါမောက္ခအများစု ထက် များစွာသာလွန်ကောင်းမွန်ပြီး၊ သူဘွဲ့ရပြီးချိန်တွင် သူ၏လုပ်ငန်းအောင်မြင်၍ အခကြေးငွေ များစွာကို စတင်ရရှိခဲ့သည်။

အနုပညာရှင် Albrecht သည် မိမိအိမ်သို့ ပြန်ရောက်သောအခါ၊ Dürer မိသားစုသည် Albrecht ၏ အောင်မြင်စွာဖြင့် အိမ်ပြန်လာခြင်းကို အထူးဂုဏ်ပြုရန်အတွက် အိမ်၏မြက်ခင်းပြင် တွင် Albrecht ၏အောင်ပွဲခံ homecoming music နှင့်အတူ ပျော်ရွှင်ရယ်မောကာ ညစာစားပွဲ ကိုကျင်းပခဲ့ကြသည်။

စားသောက်မှုအပြီးမှာ Albrecht သည် သူထိုင်နေသော ညစာစားပွဲမှ ရှေ့သို့ထလာ၍ နှစ်ပေါင်းများစွာ စွန့်လွှတ်အနစ်နာခံခဲ့သော သူ၏ချစ်အစ်ကိုအတွက် ဂုဏ်ပြုကျေးဇူးတင် စကား ပြောရာ၊ သူ၏နိဂုံးချုပ်စကားမှာ "ယခုတော့ ကောင်းကြီးမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော အစ်ကို Albert ခုအချိန် မင်းအလှည့်ရောက်ပြီ ၊ မင်းရဲ့ရည်မှန်းချက် အိပ်မက်ကို ပြည့်စုံဖို့ Nuremberg ကို သွားလို့ရပါပြီ။ မင်းကို ငါဂရုစိုက်ထောက်ပံ့မယ်"။ ထိုအခါ၌ မိသားစုအားလုံး Albert ထိုင်နေ သည့် စားပွဲစွန်းဆီသို့ လှည့်ကြည့်သောအခါမှာ ဖြူဖျော့သောမျက်နှာပေါ် မျက်ရည်များစီးကျကာ ထပ်ခါတလဲလဲ ခေါင်းကိုလှည့်ယမ်းကာငိုကြွေးရင်း၊ Albert က "မဟုတ်ဘူး။ မဖြစ်နိုင်တော့ဘူး"။

နောက်ဆုံး၌ Albert သည် သူ့ပါးပြင်မှ မျက်ရည်များကို သုတ်လိုက်ပြီး၊ သူသိပ်ချစ်ရတဲ့ မိသားစုအားလုံးကိုကြည့်၍ ညာဖက်ပါးပြင်ကို လက်နှစ်ဖက်နဲ့ကိုင်ကာ "မဟုတ်ဘူး .. အစ်ကိုက Nuremberg ကို မသွားနိုင်တော့ဘူး။ ငါ့အတွက် နောက်ကျသွားပြီ။ မိုင်းတွင်းမှာ (၄)နှစ်ကြာလုပ် ခဲ့တဲ့ လက်တွေကို ကြည့်လိုက်ပါ။ လက်ချောင်းတိုင်းရဲ့ အရိုးအဆစ်များဒဏ်ရာရ ကျိုးသွားသဖြင့် ရေသောက်ရန် ဖန်ခွက်ကိုပင် တည်တည်ငြိမ်ငြိမ် မကိုင်နိုင်လောက်အောင် ညာလက်မှာ ဆိုးဆိုး ရွားရွားဖြစ်နေပြီ။ ပုံဆွဲတဲ့ ကလောင်တံတွေ၊ စုပ်တံတွေကို ကိုင်ပြီး၊ လက်ငြိမ်ငြိမ်နဲ့ ပုံရေးဆွဲဖန်တီး ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တော့ဘူး။ မကြာသေးတဲ့အချိန် ကစပြီး arthritis ရောဂါလည်း ခံစားနေ ရပြီလေ။ အစ်ကိုအတွက်တော့ အချိန်နောက်ကျသွားခဲ့ပါပြီ။"

အော် .. Albrecht က သူ့အစ်ကို၏ ချစ်မေတ္တာ စေတနာဖြင့် သူ့အတွက် အနစ်နာခံ၍ စွန့်လွှတ် ပေးဆပ်ခဲ့သည်ကို မျက်မြင်ကိုယ်တွေ့ သိရှိလိုက်ရသောအခါ သူ၏အစ်ကိုက သူ့အပေါ် မည်မျှချစ်ကြောင်း သူကောင်းကောင်း နားလည်လိုက်ပါသည်။

နှစ်ပေါင်း ၄၅၀ ကျော် ကြာခဲ့ပါပြီ။ ယခုအချိန်တွင် Albrecht Dürer ၏ ရာနှင့်ချီသော ပြောင်မြောက်သည့် ပုံတူကားချပ်များ၊ မှင်နှင့်ခဲဖွဲရောင် ပုံကြမ်းများ၊ ရေဆေးပန်းချီများ၊ ပန်းပုရုပ်လုံးပုံများနှင့် ကြေးနီကြေးဝါ ရေးထွင်းမှုများသည် ပြတိုက် – museum တိုင်းတွင် ချိတ်ဆွဲပြထားသည်ကို ယနေ့ထိတိုင် တွေ့မြင်နိုင်သည်။

Albrecht Dürer သည် သူ၏အစ်ကို Albert ကို ကျေးဇူးတင် ဂုဏ်ပြုသော အားဖြင့် နူးညံ့ပျော့ပျောင်းသောသူ့လက်ချောင်းများနှင့်အတူ သူ့အစ်ကို၏ဒဏ်ရာများနှင့် ဖုထစ်ကြမ်းတမ်းသောလက်အစုံကို တယုတယဆွဲယူ၍ သူ၏ပြောင်မြောက်သော ခဲဆွဲပန်းချီလက်စွမ်းဖြင့် ပုံတူရေးဆွဲပုံဖော်ကာ ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ သူ၏အစွမ်းထက်သော ပုံတူပန်းချီကားအဖြစ် လူသိများကာ ကမ္ဘာတဝှမ်းကျော်ကြားခဲ့၏။

ဆုတောင်းနေသောလက်များ Praying Hands ပန်းချီပုံသည် Albrecht Dürer အား ဂုဏ်ပြုမှတ်တမ်း တင်ထားသော လူသိများလှသော လက်ရာများထဲမှ တစ်ခု ဖြစ်ပြီး၊ ၁၅၀၈ ခုနှစ်တွင် အပြာရောင်နောက်ခံပေါ်တွင် မှင်နှင့်ခဲတံဖြင့် ပုံဆွဲထားခြင်း ဖြစ်ပါသည်။ Albrecht Dürer ထုတ်လုပ်ခဲ့သော ပန်းချီကား များစွာထဲမှ တစ်ခု ဖြစ်သည်။

ထိုပုံတူပန်းချီကားကို ရိုးရိုးရှင်းရှင်း “လက်များ” ဟု ခေါ်ဆိုခဲ့သော်လည်း ကမ္ဘာတစ်ဝှမ်းလုံးမှ သူ၏ကြီးကျယ်သော လက်ရာအတွက် သူတို့၏နှလုံးသားများကို ချက်ချင်းဖွင့်ကာ ချစ်ခြင်းမေတ္တာကိုဂုဏ်ပြုသောအားဖြင့် ၁၉၃၃ ခုနှစ်တွင် J. Greenwald မှ Albrecht Dürer ၏ထိုပုံတူကားချပ်ကို **“ဆုတောင်းခြင်းလက်များ** / The Legend of the Praying Hands” ဟု အမည်ပြောင်းလဲ ခေါ်ဆိုခဲ့ခြင်း ဖြစ်သည်။ ။

Praying Hands ကိုဆွဲခဲ့သော ပန်းချီဆရာ Albrecht Dürer နှင့် သူပညာသင်ကြားဖို့ရန် အနစ်နာခံ အဆုံးရှုံးခံခဲ့သော သူ၏အစ်ကို တို့၏ ချစ်ခြင်း၊ ကျေးဇူးပြုခြင်း၊ သည်းခံခြင်း နှင့် ဂတိသစ္စာတည်ခြင်း စသည်တို့သည် အတုယူ စံတင်ထိုက်ပေသည်။ ။

**မေတ္တာစိတ်သည် လျှို့ဝှက်ခြင်းနှင့်ကင်းစေလော့။**
**ဆိုးညစ်သောအမှုကို စက်ဆုပ်ရွံရှာကြလော့။**
**ကောင်းမွန်သောအမှု၌ မှီဝဲဆည်းကပ်ကြလော့။**
**ညီအစ်ကိုချစ်ခြင်းအရာမှာ၊ ပကတိပေါက်ဘော်ကဲ့သို့**
**တယောက်ကိုတယောက် စုံမက်ကြလော့။**
**ချီးမွမ်းခြင်းအရာမှာ၊ သူတပါးကို ကိုယ်ထက်ချီးမြှောက်ကြလော့။**

**ရောမဩဝါဒစာ၁၂း၉–၁၀။**

# အဟောင်းကိုစွန့်လိုလျှင် အသစ်ဖြင့်အစားထိုးပါ



**လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါ ဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။**
**၂ကော၅း၁၇။**

ကျွန်ုပ်တို့ လူအများသည် ထုတ်ဖယ်ပစ်၍ မရ၊ မေ့ပစ်၍ မရ၊ ဖျောက်ဖျက်ပစ်၍ မရ။ ဆိုသလို မေ့လို့မရနိုင်လောက်အောင် ကျွန်ုပ်တို့၏နားထဲ၊ ခေါင်းထဲ၊ အသဲထဲ၌ စွဲမြဲနေသည့် အရာများရှိတတ်ကြသည်ဟုပြောလျှင် မမှားနိုင်ပါ။ တကယ်လည်းရှိပါပေ၏။ ထိုသို့ တခဏတာလေးနှင့် တိုတောင်းလှသောအချိန်အတွင်းမှာ စိမ့်ဝင်ပျံ့နှံ့ပြီး ဖိစီးနှောက်ယှက်နေတတ်သည့် ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများကို ဖယ်ရှားပစ်နိုင်ရန် တခါတရံ အလွန်ခက်ခဲပါ၏။

သို့ရာတွင်၊ ပြုလုပ်နိုင်သည့် တစ်ခုတည်းသောနည်းမှာ –

ကျွန်ုပ်တို့သည် ထိုသို့သောအကြောင်းတရားများ၏ မကောင်းကြောင်းကိုသိမြင်လာပြီး၊ မကြိုက်မနှစ်သက်သဖြင့် ဖယ်ရှားထုတ်ပစ်လိုပါက၊ ထိုနေရာတွင် တစုံတခုဖြင့် အစားထိုး ဖြည့်စီးပေးရန် အထူးလိုအပ်ပါသည်။ တနည်းပြောရလျှင် မကောင်းသည့်အဟောင်းကို ဖယ်ရှားလို၍ စွန့်ထုတ်လိုပါက၊ ထိုနေရာမှာ ဟာကွက်မဖြစ်ရအောင် အသစ်ဖြင့် အစားထိုးနိုင်မှသာ အဟောင်းကို ဖယ်ထုတ်ပစ်ပါ။ ထိုကဲ့သို့မလုပ်ရင် ဟာကွက်ဖြစ်၍ လွတ်လပ်နေလျှင် ညစ်ညူးသောနတ်ဆိုးများ ဝင်၍နေနိုင်ကြသဖြင့် နောက်ဖြစ်ဟန်သည် ရှေ့ဖြစ်ဟန်ထက် သာ၍ဆိုးနိုင်ပါ၏။ – မဿဲ၁၂း၄၄။

ထိုနည်းတူစွာပင်၊ ကျွန်ုပ်တို့၏အတွေးနှင့် ခံယူချက်များဖြင့် လုပ်ဆောင်ကျင့်သုံးနေသည့် မကောင်းမသင့်သော အကျင့်ဆိုး၊ ညဉ့်ဆိုး၊ အကျင့်ဟောင်း၊ ညဉ့်ဟောင်းများကို စွန့်လိုပါလျှင်၊ ၎င်းတို့၏နေရာတွင် နှုတ်ကပါတ်တော် သမ္မာကျမ်းစာဖြင့် အစားထိုး၍ အဆိုးကို အကောင်းအားဖြင့်အနိုင်ရယူနိုင်ပါ၏။

ဇာတိပကတိအလိုသို့လိုက်၍ ကျင့်သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရကြ ဟု ဂလာတိဩဝါဒစာစောင်မှာ ပြောထား၏။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏အဆိုး၊ အဟောင်း၊ မကောင်းသော အကျင့်များကို ဖယ်ရှားပစ်ပါ။ ထိုသို့ အသစ်ပြုပြင်နေစဉ်အခါမှာ ကျွန်ုပ်တို့သည် ဘုရားနှုတ်ကပတ်တော်သမ္မာကျမ်းစာကို နေ့စဉ်ဖတ်ရှုတ်ခြင်း၊ ဆင်ခြင်အောက်မေ့ခြင်း၊ လက်တွေ့ကျင့်သုံးခြင်း တို့ဖြင့် မိမိတို့၏စိတ်နှလုံးကို ဖြည့်စီးထားပါ။ ထို့ပြင်၊ နေ့စဉ် လိုက်နာရမည့် တာဝန်ဝတ္တရားများကိုလည်း ကျင့်ဆောင်ရန် လိုအပ်ပါသည်။

<u>နေ့စဉ် လိုက်နာကျင့်ဆောင်ရမည့် ဝတ္တရားများမှာ၊–</u>

**(၁) ထာဝရဘုရားသခင်နှင့်လူကိုချစ်ရန်၊–**

ရှင်မဿဲခရစ်ဝင်၊ ၂၂း၃၇ ။

သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ညာဏ်ရှိသမျှနှင့် ချစ်လော့၊ – ဟူသော ပညတ်သည် ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်း ဖြစ်၏။ ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့– ဟူသော ဒုတိယပညတ်သည် ပဌမပညတ်နှင့် သဘောတူ၏။ ဤပညတ်နှစ်ပါးတို့သည် ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်း ရှိသမျှတို့၏ အချုပ်အခြာပင်ဖြစ်သည်။

**(၂) စိတ်နှလုံးကိုအသစ်ပြင်ဆင်၍ပုံသဏ္ဍာန်ပြောင်းလဲရန်၊–**

ရောမသြဝါဒစာ၊ ၁၂း၂ ။

သင်တို့သည် လောကီပုံသဏ္ဍာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ ၊ နှစ်သက်ဘွယ်သောအရာ ၊ စုံလင်သောအရာ ၊ တည်းဟူသော ဘုရားသခင် အလိုတော်ရှိသော အရာသည် အဘယ်အရာ ဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသင့်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။

**(၃) ကောင်းသောအတွေးအကျင့်အကြံများကိုဆင်ချင်ရန်၊–**

ဖိလိပ္ပိသြဝါဒစာ။ ၄း၈ ။

ညီအစ်ကိုတို့၊ သမ္မာတရားနှင့်ဆိုင်သော အကျင့်၊ လျောက်ပတ်သော အကျင့်၊ ဖြောင့်မတ်သော အကျင့်၊ စင်ကြယ်သောအကျင့်၊ သူတပါးနှစ်သက်ဘွယ်သောအကျင့်၊ ချီးမွမ်းဘွယ်သောအကျင့် ရှိသမျှတို့ကိုဎင်း၊ ပါရမီတပါးပါး၊ ကောင်းသောသီတင်း တပါးပါးနှင့် ဆိုင်သော အကျင့်တို့ကိုဎင်း၊ နှလုံးသွင်းလော့။ သင်တို့သည် အထက်ကသင်ယူ၍ ငါ၌ကြားမြင်ခဲ့ပြီးသမျှတို့ကို ကျင့်ကြလော့။ ထိုသို့ကျင့်လျှင်၊ ငြိမ်သက်ခြင်း၏အရှင် ဘုရားသခင်သည် သင်တို့နှင့်အတူ ရှိတော်မူလိမ့်မည်။

**(၄) ပညတ်တော်နှင့်သွန်သင်ချက်တို့ကိုလိုက်နာရန်၊–**

ဒု–တိမောသေသြဝါဒစာ၊ ၃း၁၇ ။

ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ သြဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏။

**(၅) ဆုတောင်းခြင်းနှင့်ချီးမွမ်းခြင်းအမှုကိုအမြဲပြုရန်၊–**

ကောလောသဲသြဝါဒစာ၊ ၄း၂ ။

ကျေးဇူးတော်ကိုချီးမွမ်းလျက် ဆုတောင်းပဌနာပြုခြင်းအမှုကို အမြဲပြု၍၊ ကျေးဇူးတော်ကို ချီးမွမ်းလျက်စောင့်ရှောက်ကြရမည်။

ကျွန်ုပ်တို့၏ စိတ်သဘောထားက ဆိုးညစ်မှုဒုစရိုက်သို့ ဦးတည်နေလျှင် သမ္မာကျမ်းစာရှိ ဘုရားသခင်၏ပညတ်တော် နှင့် မိန့်မှာတော်မူချက် တို့ကို ကျွန်ုပ်တို့၏အတွေး နှင့် စိတ်နှလုံးထဲ၌ ပျံ့နှံ့လွှမ်းမိုးရန် အခွင့်ပေးလိုက်ပါ။ ကျွန်ုပ်တို့ စိတ်အလိုဆန္ဒကို ရှေ့တန်းမတင်ဘဲ၊ ဘုရားသခင်ကို စိုးမိုးခွင့်ပေးပါ။ ၎င်းသည် အကောင်းဆုံးသော စိတ်ဝိညာဉ်ကို သန့်စင်ခြင်း ဖြစ်သည်။

**အမှုတော်မြတ်၌၊ – လူငယ်အားမာန်**

# ထာဝရဘုရား၏တရားတော်စောင့်ခြင်းအကျိုးကျေးဇူး

ဆာလံကျမ်း၊ ၁၁၉း၁၊၇၂၊၁၀၅ ။ ၁၉း၇–၁၁ ။

- ထာဝရဘုရား၏တရားလမ်း၌ မလွဲမတိမ်းလိုက်သွားသော သူတို့သည် မင်္ဂလာရှိကြ၏။
- ထာဝရဘုရား၏နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။
- နှုတ်တော်ထွက် တရားတော်သည် ရွှေငွေအထောင်၊အသောင်း ထက်မက၊ အကျွန်ုပ်၌သာ၍ကောင်းပါ၏။
- ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။
- ထာဝရဘုရား၏သက်သေခံတော်မူချက်သည် ဟုတ်မှန်သည်ဖြစ်၍ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်၏။
- ထာဝရဘုရား၏နည်းဥပဒေသတို့သည် ဖြောင့်မတ်သည်ဖြစ်၍ စိတ်နှလုံးကိုရွှင်လန်းစေတတ်၏။
- ထာဝရဘုရား၏ပညတ်တော်သည် စင်ကြယ်သည်ဖြစ်၍ မျက်စိကိုရှင်းလင်းစေတတ်၏။
- ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသဘောသည် သန့်ရှင်းသည်ဖြစ်၍ ကာလအစဉ်အမြဲတည်၏။
- ထာဝရဘုရား၏စီရင်တော်မူချက်တို့သည် သစ္စာတရားနှင့်ညီ၍ တညီတ ညွတ်တည်း ဖြောင့်မတ်ကြ၏။
- ရွှေထက်မက များစွာသောရွှေစင်ထက် နှစ်သက်ဖွယ် ဖြစ်၍ ပျားရည်ထက်မက ပျားလပို့ထက် ချိုကြ၏။
- တရားတော်အားဖြင့် ကိုယ်တော်၏ကျွန်သည် သတိရ၍ တရားစောင့်ခြင်းအကျိုးသည် ကြီးလှပါ၏။